# ရတနာပုံခေတ်နှင့်အမှီးခေတ်များ၏အခန်းကဏ္ဍ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မကြည်ကြည်မိုး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ရတနာပုံဝတ္ထုနှင့် အမှီးဝတ္ထုများ၏အခန်းကဏ္ဍ" ဟူသော အမည်ဖြင့် ပါရဂူဘွဲ့အတွက် တင်သွင်းသည့်ကျမ်းဖြစ်ပါသည်။ ဤကျမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာစာပေနယ်ပယ်တွင် အခန်းကဏ္ဍတစ်ခုအဖြစ် ရှိခဲ့သော အမှီးဝတ္ထုများပေါ်ပေါက် လာရခြင်း၏ အကြောင်းရင်းကို သိစေလိုခြင်း၊ ကမ္ဘာ့စာပေရှိအင်္ဂလိပ်ဝတ္ထုများနှင့်ပတ်သက်၍လည်းအကဲခတ်မိစေခြင်း၊ ကာလပေါ်ခေတ်ဦး၌ အမှီးဝတ္ထုများ မည်သို့ဖန်တီးမှီငြမ်းပြုခဲ့ရပုံကို သိစေလိုခြင်းစသည်တို့ပင်ဖြစ်ပါသည်။ ဤကျမ်းကို အမှီးဝတ္ထုဖန်တီးမှု အတတ်ပညာရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ဤသို့လေ့လာတင်ပြရာ၌သာဓကအဖြစ် ဆရာကြီးဂျေမ်းစ်လှ‌ဩ၏ရတနာပုံအမှီးဝတ္ထုနှင့် မူရင်းအင်္ဂလိပ် ဝတ္ထုဖြစ်သော အိစလင်းဝတ္ထုတို့ကို နှိုင်းယှဉ်လေ့လာပြထားပါသည်။ ဤကျမ်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ မြန်မာစာပေနယ်ပယ်၌ ကာလပေါ်ခေတ်ဦး အမှီးဝတ္ထုများ ပေါ်ပေါက်ချိန်ရှိ ဝတ္ထုရေးဆရာများနှင့် စာဖတ်သူများ၏လက်ခံလာမှုအခြေအနေတို့ကို လေ့လာသိရှိနိုင်ခြင်း၊မြန်မာကာလပေါ်ခေတ်ဦးစာပေများကို ကမ္ဘာ့စာပေနှင့်ယှဉ်၍ လေ့လာသိရှိနိုင်ခြင်း၊ အလေ့လာခံမူရင်းဝတ္ထုနှင့် အမှီးဝတ္ထုတို့ကို ယှဉ်တွဲ၍လေ့လာသိရှိနိုင်ခြင်း စသည်တို့ပင်ဖြစ်သည်။